ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်၊ အင်္ဂါနေ့၊ (2-11-2010) (၆၅၇၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၅)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေး၊ အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-နယူးဇီလန် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၃၀ ရက်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ၌ ကျင်းပသည့် (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေး၊ (၅)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ် အာဆီယံ-ရုရှား ထိပ်သီးအစည်းအဝေး၊ အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးနှင့် အာဆီယံ-နယူးဇီလန် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

ရှေးဦးစွာ (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးကို နံနက် ၉ နာရီတွင် NCC တတိယထပ်ရှိ အခန်းအမှတ် (၃၄၇)၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် တက်ရောက်သည်။

အဆိုပါထိပ်သီးအစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ■

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၈)ကြိမ်မြောက် အာဆီယံ-အိန္ဒိယ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

ယနေ့ ကြေးမုံ ကဗျာ၊ ဆောင်းပါး၊ ကာတွန်း အညွှန်း

ပုံဖော်ထုဆစ်၊ သမိုင်းသစ်တွင်
ရင်တွင်းဆန္ဒ၊ လှစ်ပြခွင့်ကြုံ
ပါတီစုံရွေး၊ မဲပေးပြည်သူ
မျှတူခွင့်ရေး၊ အတွေးမချော်
နိုင်ငံတော်သား၊ ပြည်သူများမို့
တွဲထားလက်မြဲ၊ ရွေးကောက်ပွဲဝယ်
မဲပေးကြမည်၊ ဓိဋ္ဌာန်တည်။

နိုင်မြင့်ဇော် (ကန့်ဘလူ)၏
"သမိုင်းပေးတာဝန်ကျေပွန်ဖို့ မဲပေးကြပါစို့"
(ကဗျာ) စာမျက်နှာ - (၈) »

ဘယ်သူတွေ ဘယ်လိုသွေးထိုးပါစေ၊ မှိုင်းတိုက်ပါစေ၊ မြန်မာတွေဟာ အရေးကြီးရင် သွေးနီးတယ်၊ သွေးစည်းတယ် အဘိုးရဲ့။ သမိုင်းအထောက်အထားတွေ အများကြီးပါ။ ဒါကြောင့် ပြည်သူတို့ရဲ့ ဒီမိုကရေစီ ရွှေတံခါးဖွင့်ပွဲကို နှောင့်ယှက်တာတွေဟာ မြင်းမိုရ်တောင်ကြီး ပြိုကျအောင် ဆီးစေ့နဲ့ပေါက်သလိုပဲဖြစ်မှာပါ အဘိုးရယ်။

မောင်ကာဠု ၏ *"ဟုတ်ပဲ့မလား မောင်ကာဠုရဲ့ ဒါ့ထက်တောင်ပိုသေး"* (ဆောင်းပါး) စာမျက်နှာ - (၈၊ ၉) »

မျိုးမင်း၏ *"လောကမှာ ပြန်မရနိုင်တဲ့ အရာလေးမျိုး ရှိတယ်ကွ"* (ကာတွန်း)
စာမျက်နှာ - (၉) »

ကြေးမုံ The Mirror

၂-၁၁-၂၀၁၀
(အင်္ဂါနေ့)

နိုင်ငံတော်သစ် ထုဆစ်ပုံဖော်ရာတွင် လူတိုင်းပါဝင်

ပြည်သူတစ်ရပ်လုံးက သာယာချမ်းမြေ့သောအနာဂတ်ကို မျှော်မှန်းသည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းလာရေးဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တည်နေပြီ။ ယင်းဥပဒေနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ပြည်သူ့ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေး ရွေးချယ်ကြပေတော့မည်။

နိုင်ငံနှင့်အဝန်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဆန္ဒမဲပေးရေး ပြင်ဆင်နေကြပြီ။ လူထုလူတန်းစားအလွှာအသီးသီးမှ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများက အရွေးချယ်ခံနိုင်ရေး ကြိုးပမ်းနေကြပြီ။ ကိုယ်စားလှယ်လောင်းများက ယင်းတို့ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအတွေ့အကြုံ၊ ခံယူသည့် မူဝါဒသဘောတရားနှင့် အရွေးချယ်ခံရပါက ဆောင်ရွက်သွားမည့် တိုင်းကျိုးပြည်ပြု လုပ်ငန်းစဉ်အစုံစုံကို ရှင်းလင်းဖော်ပြ စည်းရုံးနေကြပြီ။

မဲဆန္ဒရှင်ပြည်သူတိုင်းက မိမိတို့ဆန္ဒနှင့်အညီ ရွေးချယ်လိုသည့် ကိုယ်စားလှယ်လောင်းကို စိတ်ကြိုက်ရွေးချယ်နိုင်ကြပြီ။ တိုင်းပြည်နှင့်လူမျိုးအကျိုး အမှန်တကယ် သယ်ပိုးစွမ်းဆောင်နိုင်မည့် ပြည်သူ့ကိုယ်စားလှယ်လောင်းများကို အတွေးအမြင်ရှင်းရှင်းဖြင့် သုံးသပ်ရှုမြင် ဆင်ခြင်မျှော်တွေး ဆန္ဒမဲပေးကြရုံသာရှိသည်။

ပြည်သူတိုင်း မျှော်မှန်းတမ်းတသည့် အနာဂတ်ရှိနေပြီ။ ခေတ်သစ်တစ်ခု၊ စနစ်သစ်တစ်ခု ပြောင်းလဲမှုအတွက် ဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းနေကြပြီ။ တိုင်းပြည်နှင့်လူမျိုးအတွက် အရေးကြီးသော သမိုင်းအချိုးအကွေ့တစ်ခုဖြစ်သည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး အောင်အောင်မြင်မြင် အစီအစဉ်တကျ ကျင်းပပြီး ဒီမိုကရေစီအုပ်ချုပ်ရေး အသွင်ကူးပြောင်းနိုင်ရေး တစ်ဆင့်ပြီးတစ်ဆင့် ဖော်ဆောင်သွားမည်ဖြစ်သည်။ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆီသို့ ဟန်ချက်ညီညီ ဦးတည်ချီတက်နေကြပေပြီ။

ပြည်ပမီဒီယာအချို့နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ကြိုးပမ်းနေမှုကို လက်မခံနိုင်သူအချို့က ရွေးကောက်ပွဲကို သပိတ်မှောက်ရေး၊ မဲမပေးရေး လှုံ့ဆော်ထုတ်လွှင့် ပြောဆိုနေကြပြန်သည်။ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ကြံစည်နေသည့် အဖျက်အမှောင့်စကားများကို နားမယောင်ကြဖို့ အရေးကြီးသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေး ရွေးချယ်နိုင်ခြင်းသည် နိုင်ငံသားတစ်ဦး ရရှိနေသည့် အခြေခံရပိုင်ခွင့်ဖြစ်သည်။ ဒီမိုကရေစီပန်းတိုင်သည် လက်တစ်ကမ်းတွင် ရောက်နေပြီ။ ဒီမိုကရေစီနှင့်ထိုက်တန်သည့် နိုင်ငံသားတိုင်းက နိုင်ငံနှင့်လူမျိုးတိုးတက်ရေး ကိုယ်ကျိုးမဖက် စွမ်းဆောင်နိုင်မည့် ကိုယ်စားလှယ်လောင်းများအား ရွေးချယ်ဆန္ဒမဲပေးကြခြင်းဖြင့် နိုင်ငံတော်သစ် ထုဆစ်ပုံဖော်တည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)၏ နှစ်ပတ်လည်တွေ့ဆုံပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် သက်ကြီးပူဇော်ပွဲကို နိုဝင်ဘာ ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ကုန်သွယ်/လယ်ယာမွှာရုံ (ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်)၌ ကျင်းပမည်ဖြစ်၍ ဆင်ဖြူကျွန်းသူ၊ ကျွန်းသားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ အသင်းဝင် သားသမီးများစာရင်းကို ဦးမောင်မောင်ကြီး ဖုန်း-၀၉-၈၀ ၂၄၂၅၀၊ ၃၇၅၁၀၁၊ဒုတိယဗိုလ်မှူးကြီးဝင်းထိန်(ငြိမ်း) ဖုန်း-၆၉၉၀၄၃၊ ဦးစန်းလွင် ဖုန်း-၅၃၀၀၅၈၊ ဦးမောင်မောင်လင်း ဖုန်း-၀၉-၈၆ ၁၄၀၁၂ နှင့် ဦးခင်ထွန်း ဖုန်း-၀၉-၅၁ ၇၀၃၂၉ တို့သို့ နိုဝင်ဘာ ၁၂ ရက် နောက်ဆုံးထား အမြန်ဆုံးပေးပို့ကြပါရန် အသင်းအလုပ်အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(ကြေးမုံ)

အောက်တိုဘာ ၂၁ရက်က တာမွေမြို့နယ် အမက(၂၂) G-2 မှ မောင်ထက်အောင်ရှင်း မိသားစုက ကျောင်းသား၊ ကျောင်းသူများအား မွေးနေ့အလှူအဖြစ် ကြာဆံကြော်နှင့် အအေးအာဟာရ ကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။

(ပညာရေး)

ပြည်သူ့သဘောထား

✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လက်မှတ်ရေးထိုး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးများအကြား လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ပါဝင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ လက်မှတ်ရေးထိုးပွဲအခမ်းအနားများတွင် ပါဝင်လက်မှတ်ရေးထိုး

နေပြည်တော် နိုဝင်ဘာ ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ဟနွိုင်းမြို့ရှိ National Convention Centre (NCC)၌ ကျင်းပသည့် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် (၇)ကြိမ်မြောက် အာဆီယံညှိနှိုင်းရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် စပ်လျဉ်း၍ ပြင်ဆင်ဆောင်ရွက်ရေးကိစ္စများ၊ ဒေသဆိုင်ရာ ဖွဲ့စည်းတည်ဆောက်ရေးကိစ္စ၊ အာဆီယံ အတွင်းရေးမှူးချုပ်၏ အာဆီယံအသိုက်အဝန်း လမ်းပြမြေပုံအား အကောင်အထည်ဖော်မှု အစီရင်ခံစာ၊ အာဆီယံ အမြဲတမ်းကိုယ်စားလှယ်ကော်မတီ အစီရင်ခံစာနှင့် အာဆီယံ ပေါင်းစည်းရေးလုပ်ငန်းအဖွဲ့ အစီရင်ခံစာများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

လက်မှတ်ရေးထိုး

ယင်းနောက် ဝန်ကြီး ဦးဉာဏ်ဝင်းသည် NCC ၌ ကျင်းပသော အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမှ အတည်ပြုခဲ့သော Instrument of Incorporation of the Rules for Reference of Unresolved Disputes to the ASEAN Summit to the Protocol to the ASEAN Charter on Disputes Settlement Mechanism ကို အခြား အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။

တံဆိပ်ခေါင်း စတင်ထုတ်ဝေ

ဆက်လက်၍ ဝန်ကြီး ဦးဉာဏ်ဝင်းသည် “Viet Nam in ASEAN” အထိမ်းအမှတ် တံဆိပ်ခေါင်း စတင်ထုတ်ဝေခြင်း အခမ်းအနားသို့ အခြား အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။

ဝန်ကြီး ဦးဉာဏ်ဝင်းသည် ညနေပိုင်းတွင် ဟနွိုင်းမြို့ရှိ Melia Hanoi Hotel ၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pham Gia Khiem က တည်ခင်းဧည့်ခံသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလုပ်သဘော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။ ညစာစားပွဲတွင် ဝန်ကြီးများသည် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ဝန်ကြီး ဦးဉာဏ်ဝင်းက မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ပါဝင်လက်မှတ်ရေးထိုး

ဝန်ကြီးသည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီးများအကြား လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အာဆီယံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အခြား အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergei Lavrov တို့နှင့်အတူ ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။

အမြင်ချင်းဖလှယ်

ဝန်ကြီးသည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pham Gia Khiem အား လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Seiji Maehara အား လည်းကောင်း သီးခြားစီ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးကိစ္စများနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် NCC ၌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေး Mr. Jijay Nambiar အား လက်ခံတွေ့ဆုံခဲ့ပြီး ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။(သတင်းစဉ်)

အုတ်ဖိုမြို့ အထက မြတ်ဆရာပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) အုတ်ဖိုမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော အုတ်ဖို အထကမှ အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့မည့် (၁၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အုတ်ဖို အထက ဇရာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရန်ကုန်မြို့ အသင်းတိုက်ရုံး အမှတ်(၅၅)(အယ်လ်) ရန်ကုန်-အင်းစိန်လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်မှ နိုဝင်ဘာ ၂၀ရက်(စနေနေ့) နံနက် ၇နာရီတွင် မော်တော်ကားများ ထွက်ခွာမည်။ အုတ်ဖိုမြို့သို့ လိုက်ပါလိုသူများ၊ ကန်တော့ငွေ၊ ပစ္စည်းလှူဒါန်းလိုသူများနှင့် ကန်တော့ခံလိုက်ပါမည့် ဆရာကြီး၊ ဆရာမကြီးများသည် ဥက္ကဋ္ဌ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ အတွင်းရေးမှူး ဦးတင်မောင်ညွန့် ဖုန်း-၀၉-၈၆၁၈၃၀၅၊ ဦးသက်ဆွေ ဖုန်း-၂၂၉၇၉၈၊ အုတ်ဖိုမှ ဦးတင့်လွင် ဖုန်း-၀၉-၅၃၇၃၂၃၂၊ ဦးကျော်ဇေယျ ဖုန်း-၀၉-၅၃၇၃၁၉၉ နှင့် ဦးသန်းနိုင် ဖုန်း-၀၉-၅၃၇၃၃၆၇ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်အား အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ ဟနွိုင်းမြို့ရှိ National Convention Centre ၌ တွေ့ဆုံနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်အား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ဒုတိယထပ် အခန်းအမှတ်(၂၄၁)သို့ သွားရောက်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ ငုယင်မင်ကျစ်ရက်အား တွေ့ဆုံနှုတ်ဆက်သည်။

ရှေးဦးစွာ အာဆီယံနိုင်ငံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ နယူးဇီလန်နိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတအား တွေ့ဆုံနှုတ်ဆက်ကြသည်။

ထို့နောက် သမ္မတ ငုယင်မင်ကျစ်ရက်က နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများနှင့် အတူ NCC ပထမထပ် အဝင်မုခ်ဦး၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများသည် NCC ပထမထပ် အခန်းအမှတ်(၁၀၃)၌ သမ္မတ ငုယင်မင်ကျစ်ရက်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III အား ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတအား တွေ့ဆုံနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဖိလစ်ပိုင်သမ္မတနိုင်ငံသမ္မတ H.E. Mr. Benigno S. Aquino III အား အောက်တိုဘာ ၂၈ ရက် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ဟနွိုင်းမြို့ရှိ National Convention Centre (NCC) ဒုတိယထပ် အခန်းအမှတ်(၂၅၂) (ဘီ) ၌ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် အာဆီယံအမြဲတမ်းကိုယ်စားလှယ် ဦးဉာဏ်လင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Benigno S. Aquino III နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Alberto G.Romulo၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Cesar V. Purisima၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr.Gregory L. Domihgo နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတတို့သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်မှု ကိစ္စရပ်များကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ တရားတော်
- ၇:၁၅ ၃။ ဓမ္မပူဇာတေး
- ၇:၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၀ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅:၂၅ ၈။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
- ၅:၃၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅:၄၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မိုးသောက်ကြယ် (အပိုင်း-၃၂)**
- ၅:၅၀ ၁၁။ ဘယ်လိုမဲပေးကြမှာလဲ
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၃၀ ၁၅။ အောင်မြင်ခြင်းလမ်းမ
- ၇:၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၂)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံရေးပါတီများဟောပြောချက်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ မွေးမြူသုတ
- ၂၃။ ဟာသရုပ်စုံ -အချစ်စစ်အချစ်မှန် (ဒွဲဒိုး၊ စိစိအဖွဲ့နှင့် မိုးတိမ်၊ ဝက်မအဖွဲ့) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ဖန်ဆင်းရှင် (အပိုင်း-၂၂)**
- ၂၆။ **Mini Series**
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၅)ကြိမ်မြောက် အရှေ့အာရှ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ဒေါက်တာမန်မိုဟန်ဆင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြပြီး အစည်းအဝေးမစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ညှိနှိုင်းဆွေးနွေး

ထို့နောက် အစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်တို့သည် အာဆီယံ-အိန္ဒိယ ဆွေးနွေးဖက် ဆက်ဆံရေးဆိုင်ရာ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှဝေခံစားရေးလုပ်ငန်းစီမံချက်(၂၀၁၀-၂၀၁၅)ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ရေးနှင့် အာဆီယံ-အိန္ဒိယ ဆက်ဆံရေးအား အဆင့်မြှင့်တင် ဆောင်ရွက်ရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် (၅)ကြိမ်မြောက် အရှေ့အာရှထိပ်သီးအစည်းအဝေးကို နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် NCC တတိယထပ်ရှိ အခန်းအမှတ် (၃၃၉)၌ ကျင်းပသည်။

ဒုတိယအကြိမ် အာဆီယံ - ရုရှား ထိပ်သီး အစည်းအဝေးတွင် အာဆီယံ နိုင်ငံများမှ နိုင်ငံ အကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ရုရှားဖက် ဒ ရေး ရှင်း နိုင်ငံ သမ္မတ H.E. Mr. Dmitry A. Medvedev နှင့် အာဆီယံ အတွင်း ရေး မှူးချုပ် ဒေါက်တာ ဆူရင် ပစ် ဆူ ဝမ် တို့ စုပေါင်း၍ မှတ် တမ်း တင် ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

တက်ရောက်

ထိပ်သီးအစည်းအဝေးသို့ အာဆီယံ နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်၊ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာနာအိုတိုကန်၊ ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာအီမြောင်ဘတ်၊ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ သြစတြေးလျ နိုင်ငံဝန်ကြီးချုပ် H.E. Ms. Julia Gillard၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. John Key၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ ဧည့်သည်တော်များ ဖြစ်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sergei Lavrov နှင့် အမေရိကန် ပြည်ထောင်စုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mrs. Hillary Clinton၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိပ်သီးအစည်းအဝေးမစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ပညာရေး၊ ဘဏ္ဍာရေး၊ စွမ်းအင်၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် တုပ်ကွေးရောဂါကာကွယ်တားဆီးရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆

အာဆီယံ-သြစတြေးလျ ထိပ်သီးအစည်းအဝေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံ-သြစတြေးလျ ထိပ်သီး အစည်းအဝေးသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အာဆီယံ-နယူးဇီလန် ထိပ်သီးအစည်းအဝေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် အာဆီယံ-နယူးဇီလန် ထိပ်သီး အစည်းအဝေးသို့ တက်ရောက်စဉ်။
(သတင်းစဉ်)

☆စာမျက်နှာ ၄ မှ
စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ အကျပ်အတည်းလွန်ကာလ ပြန်လည်နာလန်ထူရေးကိစ္စရပ်များ အပါအဝင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှု အကျပ်အတည်းများကို ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး၊ ဒေသအတွင်းစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၌ ပူးပေါင်းဆောင်ရွက်ရေး၊ အရှေ့အာရှ လွတ်လပ်သော ကုန်သွယ်မှုဒေသ တည်ထောင်နိုင်မည့် အလားအလာများကို လေ့လာမှုပြုရေး၊ အရှေ့အာရှ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝပြောရေးတို့အတွက် ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အာဆီယံ-ရုရှား

ယင်းနောက် ဒုတိယအကြိမ်အာဆီယံ-ရုရှားထိပ်သီးအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် NCC တတိယထပ်ရှိ အခန်းအမှတ်(၃၄၇)၌ ကျင်းပပြီး အစည်းအဝေးမစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အစည်းအဝေးကို ကျင်းပရာ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ H.E. Mr. Dmitry A. Medvedev တို့သည် ဒေသတွင်း ဖြစ်စဉ်ဖြစ်ရပ်များကို ငြိမ်းချမ်းစွာ သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ရေး၊ အဆင့်မြင့်နည်းပညာ အပါအဝင် နည်းပညာများပူးပေါင်းဖလှယ်ရေး၊ စွမ်းအင်လုံခြုံရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အာကာသဆိုင်ရာများနှင့် သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော် မှုခင်းများ တားဆီးရာတွင် ပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များအပေါ် ညှိနှိုင်းဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

ကျင်းပ

ဆက်လက်၍ အာဆီယံ-ဩစတြေးလျ ထိပ်သီးအစည်းအဝေးကို ညနေ ၃ နာရီ ၃၅ မိနစ်တွင် NCC တတိယထပ်ရှိ အခန်းအမှတ်(၃၃၉)၌ ကျင်းပသည်။

အစည်းအဝေးမစတင်မီ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဩစတြေးလျနိုင်ငံ ဝန်ကြီးချုပ် H.E. Ms. Julia Gillard တို့သည် အာဆီယံ-ဩစတြေးလျ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အပြန်အလှန်ဆက်ဆံမှု တိုးမြှင့်ပြုလုပ်ရေး၊ ဒေသဆိုင်ရာ ဆွေးနွေးပွဲများနှင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး လုပ်ငန်းစဉ်များ၌ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် အာဆီယံ-နယူးဇီလန် ထိပ်သီးအစည်းအဝေးကို NCC တတိယထပ်ရှိ အခန်းအမှတ်(၃၄၇)၌ ကျင်းပရာ အစည်းအဝေးမစတင်မီ အာဆီယံနိုင်ငံခေါင်းဆောင်များနှင့် နယူးဇီလန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျွန်ကီးတို့သည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စီးပွားရေးကြွယ်ဝမှု၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒေသတွင်းလူမှုဘဝတိုးမြှင့်ရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေး၊ အနာဂတ်တွင် စီးပွားရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများ၊ ယဉ်ကျေးမှုနှင့် ပြည်သူလူထုအချင်းချင်း အပြန်အလှန် ဆက်ဆံမှုတိုးမြှင့်ရေး စသည့် ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြပြီး ထိပ်သီးအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ (၁၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။
(သတင်း-ကျော်ဖုံး) (သတင်းစဉ်)

(၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားတွင် ဗီယက်နမ်ယဉ်ကျေးမှုအဖွဲ့ဝင်များက တေးသံသာများ၊ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်ကြစဉ်။ *(သတင်း-ကျော်ဖုံး)*
(သတင်းစဉ်)

(၂၆၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်

နေပြည်တော် နိုဝင်ဘာ ၁

ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၏(၂၆၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ နိုဝင်ဘာ ၁ရက်တွင် ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

အထူးဆုကြီးတစ်ဆု ကျပ်သိန်း(၁၀၀၀)

ဃ-၄၆၆၇၉၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၅၀၀)

ဍ-၉၂၇၁၂၀

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၃၀၀)ဆုများ

ထ-၂၈၈၄၆၈
ဂ - ၃၈၉၀၈၈

ဆုကြီးတစ်ဆုချင်း ကျပ်သိန်း(၂၀၀)ဆုများ

ဏ-၉၀၁၁၈၃
ပ-၆၀၂၃၃၄
န-၄၅၇၁၀၂
နှ-၇၅၈၃၆၃
နှ-၃၅၉၅၀၆

ကျပ်သိန်း(၁၀၀)ယူနစ် (မင်္ဂလာစုံတွဲစနစ်)ဆုမဲများ

ခ-၆၂၅၆၂၉
ထ-၂၂၁၄၆၂
ခ-၁၀၈၇၂၈
ည-၅၆၉၈၉၅
က-၈၃၇၉၄၃
င-၁၀၂၃၈၉
ဈ-၄၆၀၁၃၀
ဒ-၈၁၃၅၁၈
တ-၇၈၆၁၇၇
ဇ-၆၈၀၁၄၄
ဃ-၁၀၄၅၄၁
ဖ-၂၂၉၂၀၈
ထ-၁၆၅၂၈၂

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် ခေတ္တတည်းခိုသည့် ဟန္နိုင်းမြို့ Hotel Nikko Hanoi ဒုတိယထပ်ရှိ Rose ခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

ဂါရဝပြုတွေ့ဆုံရာသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တို့သည် နံနက်စာကို အတူတကွ သုံးဆောင်ကြပြီး မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂအပါအဝင် လက်အောက်ခံ အဖွဲ့အစည်းများ ဆက်သွယ်ဆက်ဆံမှုဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်၌ ကျင်းပမည့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဟန္နိုင်းမြို့ Hotel Nikko Hanoi ၌ လာရောက် တွေ့ဆုံစဉ်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ဟန္နိုင်းမြို့ Hotel Nikko Hanoi ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ Viet Tel Corporation ဥက္ကဋ္ဌ ဂါရဝပြုတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟန္နိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Viet Tel Corporation ဥက္ကဋ္ဌ Major General, Hoang Anh Xuan သည် အောက်တိုဘာ ၂၇ရက် ညနေ ၆ နာရီတွင် ဟန္နိုင်းမြို့ရှိ ခေတ္တတည်းခိုသည့် Hotel Nikko Hanoi ဧည့်ခန်းမသို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ ဂါရဝပြုတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့် အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၃၀ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အဆိုပြိုင်ပွဲ
၄:၂၀ ၃။ လက်ဆင့်ကမ်းပေးဂီတတေး
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (စီးပွားရေးပညာ၊ အိမ်တွင်း စီးပွားအထူးပြုများ) (စီးပွားရေးပညာ)
၅:၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
၅:၂၅ ၈။ "မေတ္တာရေအမြင့် တင့်လေသည့်ရွှေကြာ"
၅:၄၀ ၉။ ရင်မှစွဲထင်တေးအလှသံစဉ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၃၅ ၁၃။ ဆိုလိုက်ကြစို့
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၄)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ "ဒီမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ "တိုးတက်ဖြစ်ထွန်းလာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကွန်ရက်"
၂၀။ ရယ်စရာဟာသများ
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေး နောက်ဆုံးချစ်ပုံပြင်" (ပထမပိုင်း) (အပိုင်း-၃)
၂၂။ "ရုပ်ရှင်ပဟေဠိ"
၂၃။ အစီအစဉ်ပြီး၏။

လာရောက်တွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Viet Tel Corporation ဥက္ကဋ္ဌ Major General, Hoang Anh Xuan ဟန္နိုင်းမြို့ရှိ Hotel Nikko Hanoi ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

အနော်ရထာလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၁

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ အနော်ရထာလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်းအား အောက်တိုဘာ ၃၁ ရက်တွင် မြို့နယ်အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်က စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်မော်မော်သိန်းက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရှိရသည်။ (မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများက ဂါရဝပြုနှုတ်ဆက်

နေပြည်တော် နိုဝင်ဘာ ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား အောက်တိုဘာ ၃၀ ရက် ညပိုင်းတွင် ဟနွိုင်းမြို့ရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး ဧည့်ခန်းမ၌ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်ကြည်ကြည်စန်း၊ စစ်သံမှူး ဗိုလ်မှူးကြီးတင်ထွန်းအေးနှင့် ဇနီး ဒေါ်သင်းသင်းစိုး၊ မြန်မာသံရုံးနှင့် စစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုများက ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်အား သံအမတ်ကြီးနှင့် စစ်သံမှူးတို့ဦးဆောင်သော သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပြည်ပသင်တန်းတက်ရောက်နေသော ဝန်ထမ်းများက မြန်မာ့ရိုးရာအစဉ်အလာနှင့်အညီ ဂါရဝပြု ကန်တော့ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းရေးအတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ် ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပဉ္စမအဆင့်ဖြစ်သည့် အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် ကျင်းပမည့်အခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စက်မှုနိုင်ငံ တည်ဆောက်သွားရမည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး သံရုံးဝန်ထမ်းများအနေဖြင့် သံတမန်ကျင့်ဝတ်၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီ ကျင့်ကြံနေထိုင်ရေး၊ ပြည်ပရောက် မြန်မာများအား ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးရေး၊ ပြည်ပသင်တန်းများ တက်ရောက်နေသော သင်တန်းသားများအနေဖြင့် သက်ဆိုင်ရာသင်တန်းများအလိုက် အမှန်တကယ် တတ်မြောက်အောင် လေ့လာသင်ယူရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် သံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့် ဇနီးတို့အား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဟနွိုင်းမြို့ရှိ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ သံအမတ်ကြီး ဦးခင်မောင်စိုးနှင့် ဇနီးတို့အား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ ပြည်ထောင်စုမြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရန် အောက်တိုဘာ ၃၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ခေတ္တတည်းခိုသည့် Hotel Nikko Hanoi မှ နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးယာဉ်ဖြင့် ရောက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Minister of Culture, Sport and Tourism, H.E. Mr. Hoang Tuan Anh **နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ Minister of Culture, Sport and Tourism, H.E. Mr. Hoang Tuan Anh၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ဒုတိယအကြီးအကဲ Mr. Tran Thanh Cong နှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်မောင်စိုး၊ စစ်သံမှူး ဗိုလ်မှူးကြီး တင်ထွန်းအေး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက နိုဘိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဗီယက်နမ် အမျိုးသမီးငယ်တစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ပြန်လည်ရောက်ရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် ထွက်ခွာခဲ့ရာ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးစိုးသိန်း ကျောက်ဖြူမြို့နယ်၌ လေဘေးသင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် အောက်တိုဘာ ၂၈ ရက်တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိ၍ မြို့ပေါ်ရှိ လေဘေးဒဏ်ကြောင့် ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ ပြန်လည်ပြုပြင်ရေး အစီအမံများကို ပေါင်းစပ် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့ပေါ်ရှိ စာသင်ကျောင်းများ၊ ကယ်ဆယ်ရေးစခန်းများ၊ ပြည်သူ့ဆေးရုံ၊ ပညာရေးကောလိပ်၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် တာတမံ ကျိုးကျပျက်စီးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီး ဦးစိုးသိန်းသည် အောက်တိုဘာ ၂၉ ရက်တွင် ကပ်သပြေ၊ ကန္ဒီး၊ အုန်းတော၊ အောင်မြေသာ၊ ဇိတ်ပြိန်တောင်နှင့် မင်းပြင်ကျေးရွာများသို့ သွားရောက်ပြီး လေဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အခြေခံပညာကျောင်းများနှင့် မင်းပြင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတို့ကို ကြည့်ရှု၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ပြန်လည်ပြုပြင် တည်ဆောက်ပေးမည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး အားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဒေါက်မြို့ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် နိုဝင်ဘာ ၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အထက သက်ပြည့် အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီးများအား နဝမအကြိမ် ပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် မဒေါက်အထက နဝဒေးခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ အထက (မဒေါက်) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြ ဖုန်း-၀၅၂-၂၄၃၆၊ ဦးခင်ဝင်း ဖုန်း-၀၉-၅၁၁၆၇၄၉၊ ဦးသန်းလွင် ဖုန်း-၀၉-၅၁၀၈၇၉၉၊ ဦးအေးလွင် ဖုန်း-၀၉-၅၁၈၁၀၅၀၊ ဦးကျော်မွန် ဖုန်း-၀၉-၂၀၂၉၈၃၀၊ ဒေါ်ဝင်းဆန်း အထက (၁၆) မန္တလေးမြို့နှင့် ဦးလှကြည် ဖုန်း-၀၅၂-၄၂၅၀၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၂၃)

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် အနည်းငယ်ပိုခဲ့ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် အနည်းငယ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်များမှာ** မင်းတပ်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့နှင့် ဟားခါးမြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၂ ရက် ညနေထိခန့်မှန်းချက်။ ။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရွာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော် နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) တွင် MCC Center ၌ ကျင်းပမည့် ရန်ကုန်စက်မှုတက္ကသိုလ်နှင့် ရန်ကုန်နည်းပညာတက္ကသိုလ်တို့မှ နှစ်ပေါင်းစုံ မြို့ပြအင်ဂျင်နီယာဘွဲ့ရများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအတွက် 95-Betch မှ မြို့ပြအင်ဂျင်နီယာဘွဲ့ရများကိုယ်စား ဦးမြတ်ခိုင်ဆွေ၊ ဒေါ်ခင်သီတာ၊ ဒေါ်စိုးစိုးတင်နှင့် ဒေါ်ကေသွယ်ထွန်းထွန်းတို့က ငွေကျပ်သိန်း ၂၀ ကို ပြန်ကြားရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဦးကျော်ဆန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဟုတ်ပါ့မလား မောင်ကာဋ္ဌုရဲ့ ဒါ့ထက်တောင်ပိုသေး

အဘိုး။ ။ မောင်ကာဋ္ဌု လာဟေ့၊ မင်းမပေါ်လာတာ ကြာပြန်ပြီ၊ ဘာတွေအလုပ်များနေသလဲ၊ ရွေးကောက်ပွဲမှာ ဝင်အရွေးခံဖို့ စည်းရုံးရေးများ ဆင်းနေသလား။

မောင်ကာဋ္ဌု။ ။ မဟုတ်ပါဘူး အဘိုးရယ်။ နိုင်ငံတော်မှာ လမ်းသစ်တွေ၊ တံတားသစ်တွေ အများကြီး တိုးလာတာတွေလည်း ကြည့်ရင်း၊ ဆည်တမံသစ်တွေကိုလည်း လေ့လာရင်း၊ သူငယ်ချင်းတစ်ယောက်ကားနဲ့ အညာတစ်ခွင် သွားနေလို့ပါ။ ရောက်လေရာမှာ ရွေးကောက်ပွဲမှာ ဝင်ရွေးကြမယ့် ပါတီတွေအကြောင်းတော့ ပြောဆိုနေကြတာ ကြားနေရပါတယ်။

အဘိုး။ ။ ၁၉၈၈-၈၉ ခုနှစ်တွေတုန်းက ပါတီထောင်ကြတာ (၂၃၈)ပါတီကွဲ့၊ ပြည်သူ့တိုးတက်ရေးပါတီတို့၊ အမြဲစိမ်းပါတီတို့ကတော့ မှတ်ပုံတင်ပြီးမှ တောတွင်း ဗမာပြည်ကွန်မြူနစ်ပါတီက သူတို့ရဲ့မြေပေါ်ကိုယ်ပွားပါတီတွေအဖြစ် ထောင်ထားတာသိလာရလို့ စုစုပေါင်း သုံးပါတီကို မှတ်ပုံတင် ဖျက်သိမ်းခဲ့ရတယ်။ ကျန်ပါတီတွေ တော်တော်များများလည်း သူတို့သဘောနဲ့သူတို့ ဖျက်သိမ်းသွားကြတယ်။ ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့ ရွေးကောက်ပွဲကို (၉၃)ပါတီ ဝင်ပြိုင်ကြတယ်။ ရွေးကောက်ပွဲအပြီး ပါတီတွေ ဖျက်ကြသိမ်းကြနဲ့ နောက်ဆုံး (၁၀)ပါတီပဲ ရှိတော့တယ်။ အဲဒီ (၁၀)ပါတီမှာ တိုင်းရင်းသား ပါတီတွေ၊ ဒေသအလိုက်ပါတီတွေက ရှစ်ခု၊ တစ်နိုင်ငံလုံးကို စည်းရုံးလှုပ်ရှားမယ့်ပါတီ နှစ်ခုပေါ့။

မောင်ကာဋ္ဌု။ ။ အခု ၂၀၁၀ မှာလည်း ပါတီတွေ အားတက်သရော မှတ်ပုံတင်ကြတယ်နော်။ ပါတီ(၄၀)ကျော် မှတ်ပုံတင်ခဲ့ကြတာ အခု ၂၀၁၀ ရွေးကောက်ပွဲမှာ (၃၇)ပါတီပဲ ဝင်ပြိုင်ကြတော့တယ်။ ဆက်လက် မှတ်ပုံတင်ခွင့်ပြုခဲ့တဲ့ ပါတီဟောင်း (၁၀)ခုမှာလည်း ပါတီငါးခုကပဲ မှတ်ပုံတင်တော့တယ်။ ငါးပါတီကတော့ လုံးဝမှတ်ပုံမတင်တော့လို့ ဖျက်သိမ်းကြရတယ်။ မှတ်ပုံတင်ပြီးဖြစ်တဲ့ (၃၇)ပါတီထဲမှာ ပါတီဟောင်း ငါးခုပါဝင်တယ်။ ပါတီအများစုကတော့ တိုင်းရင်းသားအလိုက်၊ ဒေသအလိုက် ဖွဲ့ကြတဲ့ပါတီ (Regional Party)တွေ ဖြစ်ပါတယ်။ ဒါပေမယ့် ဂျာနယ်အချို့မှာ ဖတ်ရတယ်၊ ပါတီတွေ ထောင်ကြဖို့ အချိန်မလုံလောက်ဘူးလို့ နိုင်ငံရေးလုပ်မယ့်သူတွေက ညည်းညူကြတဲ့ အသံပဲ။

အဘိုး။ ။ ဒါတော့ သူတို့ဘက်က အဆင်မပြေတာရှိလို့ ညည်းတာဖြစ်မှာပေါ့လေ။ တပ်မတော်က နိုင်ငံ့တာဝန် မလွှဲမရှောင်သာယူခဲ့ရတဲ့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ကတည်းက ပါတီစုံဒီမိုကရေစီ ဖော်ဆောင်ပေးမယ်လို့ ပြောခဲ့တာပဲ။ အဲဒီ စက်တင်ဘာလထဲမှာပဲ နိုင်ငံရေးပါတီတွေ စတင် မှတ်ပုံတင်ခိုင်းတာပဲ။ ပါတီထောင်လို့ စတင်လျှောက်ထားကြတဲ့ ပါတီတွေအနက် ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၃ ရက်နေ့မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ကြေညာချက်အမှတ်(၂)နှင့် ဦးသုဝေ ဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်တို့ ပါဝင်တဲ့ ဒီမိုကရေစီပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့တယ်။ အဲဒီနေ့စွဲပါ ကြေညာချက် အမှတ်(၃)နဲ့ ဥက္ကဋ္ဌ ဦးအောင်ကြီး၊ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ပါဝင်တဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို မှတ်ပုံတင်ခွင့်ပြုခဲ့တယ်။ အဲဒီနှစ်ပါတီက ဗွေဆော်ဦး ဖွဲ့စည်းမှတ်ပုံတင်ခွင့်ရခဲ့တာပဲကွဲ့။ နောက် ၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် ပါတီတွေ မှတ်ပုံတင်ခွင့် ပိတ်ပင်တဲ့နေ့အထိ (၂၃၈)ပါတီတောင် အားပါးတရ ဖွဲ့ခဲ့ကြတာပဲလေ။

မောင်ကာဋ္ဌု။ ။ အဲဒီတုန်းက ပါတီတစ်ခုထောင်ချင်ရင် မှတ်ပုံတင်ကြေး ငါးရာကျပ်နဲ့ အမှုဆောင်တစ်ဖွဲ့စာလူရှိရင် ထောင်ကြတော့တာပဲ အဘိုး။

အဘိုး။ ။ **တပ်မတော်အစိုးရက ၁၉၈၈ ခုနှစ် စက်တင်ဘာလကတည်းက ပါတီစုံတံခါးဖွင့်ပေးခဲ့ပြီပဲ။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှာ စတင်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးကလည်း ၁၉၉၃ ခုနှစ်ဦးပိုင်းမှာပဲ ရေးဆွဲရမယ့် အခြေခံဥပဒေအသစ်အတွက် အခန်းလိုက်ခေါင်းစဉ် ၁၅ ခု ချမှတ်ခဲ့ရာမှာ နိုင်ငံရေးပါတီများ အခန်းကပါ ပါလာပြီးသားပဲ။ ၂၀၀၅ ခုနှစ်လောက်မှာပင် အမျိုးသားညီလာခံကြီးက နိုင်ငံရေးပါတီများအခန်းအတွက် အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေ အစုအဖွဲ့ ရှစ်ခုအတွင်း ဆွေးနွေးကြတယ်။ နောက် ညီလာခံ စုံညီအစည်းအဝေးက တညီတညွတ်မူတွေ ချမှတ်ခဲ့တယ်။ နေ့ဘက် ညီလာခံမှာဆွေးနွေးသမျှ၊ တင်ပြသမျှ၊ ချမှတ်သမျှ ညဘက် ရေဒီယို၊ ရုပ်မြင်သံကြားမှာ လွှင့်တယ်။ နောက်နေ့မနက် သတင်းစာမှာ ဖော်ပြတယ်။ လာဘ်မြင် ကြိုမြင်တဲ့သူတွေကတော့ အဲဒီတုန်းကတည်းက သူတို့ပါတီထောင်မယ်လို့ ဆုံးဖြတ်၊ မူဝါဒတွေကို ကြိုစဉ်းစားချမှတ်၊ ပါတီစည်းမျဉ်းဥပဒေ ကြိုဆွဲ၊ သဘောထားတူညီသူတွေနဲ့ ကြိုညှိ၊ ဆွေးနွေး၊ ပြင်ဆင်ထားနိုင်ကြတာပဲ။ ကော်မရှင်က ပါတီတွေ မှတ်ပုံတင်နိုင်ပြီလို့ ဒီနေ့ကြေညာ ဒီနေ့သွားပြီး မှတ်ပုံတင်လိုက်ရုံပဲ။ ရယ်ဒီ (Ready) ပဲလေ မဟုတ်လား။**

မောင်ကာဋ္ဌု။ ။ ဒါလည်း ဟုတ်တာပဲနော် အဘိုး၊ နောက်မှ စိတ်ကူးရ၊ နောက်မှပါတီထထောင်ရင် နည်းနည်းတော့ ကသီမှာပေါ့၊ ဒါပေမယ့် ပါတီ(၄၀) ကျော်တောင် ထောင်နိုင်ခဲ့ကြတာပဲ။

အဘိုး။ ။ ပါတီထောင်ဖို့ ၁၉၈၈-၈၉ ကတည်းက လမ်းပွင့်နေခဲ့ပြီ။ အနည်းဆုံး ၂၀၀၅-၂၀၀၆ နိုင်ငံရေးပါတီများ အခန်းက မူဝါဒတွေ သတင်းစာမှာပါလာချိန်မှာ စိတ်ကူးရသင့်ပြီ၊ ပြင်ဆင်သင့်ပြီပေါ့ကွာ။ ပါတီထောင်မှတော့ ပါတီရုံးခန်းငှားရမယ်၊ တခြားစရိတ်စကတွေ ကုန်မယ်။ ပါတီဘဏ္ဍာငွေလည်း ကြိုတင်ရှာပြီး စုထားကြရမှာပေါ့။ ဒီလောက်မှ ကြိုမမြင် ကြိုပြင်ဆင်မထားတတ်ရင် နောင် ပြည်သူက ဘယ်လိုလုပ်အားကိုးရမှာလဲ၊ အေးဟေ့-ပါတီထောင်တာ ဘာလုပ်ဖို့လဲ၊ ပြည်သူ့အကျိုး သယ်ပိုးဖို့ပေါ့ ဟုတ်လား၊ ပြည်သူတွေဟာ နေ့စဉ်နဲ့အမျှ မိမိတို့ ဝမ်းရေး၊ မိသားစုအရေး၊ လူမှုရေး၊ ဘာသာရေးကိစ္စတွေနဲ့ အချိန်မလောက်ကြဘူး။ ဒါ့ကြောင့် နိုင်ငံတစ်ခုလုံး ပြည်သူတစ်ရပ်လုံးအရေးကို ပြည်သူတို့ကိုယ်တိုင် မဆောင်ရွက်နိုင်ကြဘူး။ ဒါကြောင့် ပြည်သူ့ကိုယ်စား နိုင်ငံ့အရေး၊ ပြည်သူ့အရေးတွေ ဆောင်ရွက်ပေးမယ့် နိုင်ငံရေးသမားတွေ ပေါ်လာရတာပေါ့။ ပြည်သူတွေက ရွေးကောက်ပွဲတွေမှာ မိမိတို့ ကောင်းကျိုးချမ်းသာကို အရည်အချင်းရှိရှိ၊

မောင်ကာဋ္ဌု

စေတနာပြည့်ပြည့်၊ ရိုးသားစင်ကြယ်မှု အတိနဲ့ ဆောင်ကြဉ်းပေးမယ့် ကိုယ်စားလှယ်တွေကို မဲပေးရွေးကောက်ကြရတယ်။ အဲဒါဟာ ကိုယ်စားပြုဒီမိုကရေစီပေါ့။

မောင်ကာဋ္ဌု။ ။ အဘိုးပြောသလိုဆိုတော့ ပါတီတွေ ထောင်ရတဲ့ အဓိကအကြောင်းက ပြည်သူ့ကိုယ်စား၊ ပြည်သူ့အကျိုး ဆောင်ရွက်ခွင့်ရဖို့၊ ပြည်သူက ဆန္ဒမဲနဲ့ မိမိတို့ကို တာဝန်ပေးဖို့ မိမိတို့ပါတီမူဝါဒတွေ၊ ပြည်သူကို အကျိုးပြုမယ့် အစီအစဉ်တွေ တင်ပြကြရတာပေါ့။ ပါတီထောင်တာ ပြည်သူကတာဝန်ပေးအပ်ခြင်းခံရဖို့ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ဖို့ အဓိကကျတယ်ပေါ့နော်အဘိုး။

အဘိုး။ ။ **အေးလေ၊ ဒါအဓိကပဲ။ ပါတီထောင်၊ အစည်းအဝေးလုပ်၊ စာရွက်စာတမ်းတွေ၊ ကြေညာချက်တွေထုတ်ဆိုတာက လက်အောက်ခံအလုပ်တွေပါ။ အဓိကကတော့ ပြည်သူကို တရားဝင်ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေလုပ်ဖို့ပေါ့။ ပါတီထောင်တယ်ဆိုကတည်းက ပထမတော့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲဥပဒေ၊ ပါတီမှတ်ပုံတင်ဥပဒေတွေ ကျေညက်အောင်ဖတ်ထားရမှာပဲ။ ဒါမှလည်း ဥပဒေနဲ့အညီ လုပ်နိုင်မယ်။ ရွေးကောက်ပွဲကို ၂၀၁၀ ပြည့်နှစ်ထဲမှာ ကျင်းပပေးမယ်လို့ နိုင်ငံတော်အစိုးရက ၂၀၀၈ ခုနှစ်ကတည်းက ကြိုကြေညာထားပြီးသား။ ပါတီထောင်မှတော့ ရွေးကောက်ပွဲဝင်မယ်၊ ရွေးကောက်ပွဲရက် ဘယ်တော့ သတ်မှတ်သတ်မှတ်၊ သက်ဆိုင်ရာက ရွေးကောက်ပွဲကာလ၊ နေ့ရက်ကြေညာပြီဆိုရင် ကိုယ့်ပါတီက ရယ်ဒီဖြစ်နေရမယ်။ မိမိတို့ပါတီက မဲဆန္ဒနယ် အကုန်လုံးရှိသမျှ လွှတ်တော်တွေအတွက် ဝင်ပြိုင်မှာလား၊ တစ်နိုင်ပဲ ပြိုင်မလား၊ တစ်နိုင်ဆိုတာရဲ့ ပမာဏကို ဦးစွာ သတ်မှတ်ထား၊ လူရှာထား၊ ငွေရှာထား၊ ပြင်ဆင်ထားရင် အလွယ်လေးပါပဲ။ ကြိုတင်ရှာထားတဲ့ ပါတီကိုယ်စားပြု ကိုယ်စားလှယ်လောင်း အရေအတွက်ကတော့ တကယ့်ရွေးကောက်ပွဲ နီးလာတဲ့အခါ လိုတိုးပိုလျှော့ ရှိချင်ရှိမှာပေါ့။ ကြိုပြင်ထားရမှာတော့ မိမိပါတီရဲ့ တာဝန်ပဲလေ။**

မောင်ကာဋ္ဌု။ ။ ၂၀၀၈ ခုနှစ်မှာ ၂၀၁၀ ပြည့်နှစ်အတွင်း ရွေးကောက်ပွဲ ကျင်းပပေးမယ်လို့ နိုင်ငံတော်က ကြေညာတယ်။ ၂၀၀၉ ခုနှစ်အတွင်းနဲ့ ၂၀၁၀ ပြည့်နှစ် ပထမနှစ်ဝက်လောက်အတွင်းမှာ ရွေးကောက်ပွဲရက်ကို မှန်းဆပြီး ပြောကြတယ်လေ။ ကောလာဟလအဆင့်ပေါ့။ ၂၀၁၀ ပြည့်နှစ်ဆိုမှတော့ နောက်ဆုံး ဂဏန်းနှစ်လုံးက ၁၀။ ဒါကြောင့် လကလည်း ၁၀ (အောက်တိုဘာလ)၊ ရက်ကလည်း ၁၀ ရက်နေ့၊ ၁၀-၁၀-၂၀၁၀ ရက်နေ့ ရွေးကောက်ပွဲလုပ်မယ်လို့ ဂျာနယ်တွေထဲကတောင် မှန်းဆပြီး ရေးခဲ့ကြတာပဲ။ တကယ့်လက်တွေ့ကျတော့ ရွေးကောက်ပွဲကို ၇-၁၁-၂၀၁၀ ရက်နေ့လို့ ကြေညာလိုက်တယ်။ မူလကြိုတွေး၊ ကြိုထင်၊ ကြိုသိနေကြတဲ့ ၁၀-၁၀-၂၀၁၀ ထက် နောက်ထပ်တစ်လနီးနီး အချိန်ထပ်ရတာပဲ။ ဒါကြောင့် ရွေးကောက်ပွဲရက် သတ်မှတ်တာနီးကပ်လို့ ကိုယ်စားလှယ်လောင်းရှာချိန်မရသလို ပြောကြဆိုကြတာကတော့ သိပ်မနိပ်လှဘူး အဘိုးရဲ့။

အဘိုး။ ။ မင်း နှံကောင်နဲ့ ပုရွက်ဆိတ်ပုံပြင်လေး မှတ်မိရဲ့လား။ ပုရွက်ဆိတ်ကတော့ နွေရာသီကတည်းက စားနပ်ရိက္ခာတွေကို မနိုင့်တစ်နိုင် ချီပိုးသယ်ဆောင်ပြီး မိုးလွတ်ရာနေရာမှာ သိုလှောင်ထားတယ်။ နှံကောင်ကတော့ ခပ်ပေ့ပေ့ပဲ နေခဲ့တယ်။ တကယ်လည်း မိုးဥတုရောက်ရော နှံကောင် ငတ်တော့တာပဲ။ ပုရွက်ဆိတ်တွေကတော့ ကြိုတင်စုလှောင်ထားတဲ့ ရိက္ခာတွေ ဒူးနှံ့စားလို့ဆိုတဲ့ ပုံပြင်လေ။ မူလတန်းကလေးတွေတောင် သင်ရတယ်။

မောင်ကာဋ္ဌု။ ။ ရွေးကောက်ပွဲအတွက် မိမိတို့ပါတီမူဝါဒတွေ၊ လုပ်ငန်းစဉ်တွေကို ပြည်သူကသဘောကျအောင်၊ မိမိတို့ကို မဲပေးချင်အောင် ပါတီတိုင်း မြန်မာ့အသံ၊ မြန်မာ့ရုပ်မြင်၊ MRTV-4 နဲ့ FM ရေဒီယိုတွေ၊ သတင်းစာတွေက ပြောဆိုတင်ပြခွင့်ပေးထားတယ်။ ပထမအကျော့ ပါတီစုံပြောပြီးနောက် ဒုတိယအကျော့ ထပ်လွှင့်ပေးတယ်နော်။ ဒါဟာ တန်းတူ မဲဆွယ်ခွင့်ရကြတာပေါ့နော်။

အဘိုး။ ။ ၁၉၉၀ ပြည့်နှစ် မေလ ရွေးကောက်ပွဲတုန်းကလည်း ရွေးကောက်ပွဲဝင်တဲ့ ပါတီတွေအားလုံး အခုလို ရေဒီယို၊ ရုပ်မြင်သံကြားကနေ ပါတီကိုယ်စားပြုပုဂ္ဂိုလ်တွေ ပြောခွင့်ပြုခဲ့ပြီး အဲဒါတွေစုပြီး ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်ထုတ်ပေးခဲ့တယ်။ ဟောဟိုစာအုပ်စင်အပေါ်ဆုံးအဆင့် ညာဘက်အစွန်က စာအုပ်နှစ်အုပ်ပဲကွဲ့။ နိုင်ငံခြားမီဒီယာတွေမှာ အာဏာရပါတီ (အစိုးရ)ဟာ နိုင်ငံပိုင် မီဒီယာတွေသုံးပြီး မဲဆွယ်တယ်။ အတိုက်အခံပါတီတွေကျတော့ အဲဒီအခွင့်အရေးမပေးဘူးဆိုပြီး ဆူညံပူညံလုပ်တဲ့သတင်းတွေ မကြာခဏကြားရတယ်။ ဒို့ဆီမှာလည်း ပါလီမန်ဒီမိုကရေစီ (ဖဆပလ)

သမိုင်းပေးတာဝန်ကျေပွန်ဖို့ မဲပေးကြပါစို့

* နှစ်ထောင့်ရှစ်ခု၊ အတည်ပြုပြီး
ဖွဲ့စည်းပုံညီ၊ နိုင်ငံတည်ဆောက်
ရွေးကောက်လွှတ်တော်၊ မဲပေးမော်ကွန်း
ပြည်တစ်ဝန်းတွင်၊ လိုအင်ဆန္ဒ
ဖော်ထုတ်ကြမယ်၊ နှစ်ထောင့်ဆယ်ပြည့်
ရက်နေ့ခုနစ်၊ ဆယ့်တစ်လပိုင်း
သမိုင်းတစ်ခေတ်၊ မှတ်တိုင်သစ်။

* ပါတီစုံညီ၊ ဒီမိုကရေစီ
ပြည်သူပြည်သား၊ တိုင်းပြည်အားမို့
မမှားအရွေး၊ မဲသွားပေးလျှင်
ရင်ဝယ်ရွေးထား၊ အသည်းကြားမှ
မဲတစ်ပြားကို၊ ပုဂ္ဂိုလ်ပါတီ
လီလီထပ်ထပ်၊ စဉ်းစားအပ်ပြီး
ရှေ့ခရီးစဉ်၊ မော်ကွန်းတင်။

* ဘယ်သူတွေက၊ ဘယ်မျှလုပ်ဆောင်
ရှွန်းပြောင်စေမည်၊ မှန်းဆသည်ထက်
ရင့်ကျက်ပြည့်ဝ၊ သမိုင်းလှသူ...
ထူထောင်ကြိုးပမ်း၊ အစွမ်းရှိသူ...
မူဝါဒကောင်း၊ လမ်းကြောင်းမှန်သူ...
တာဝန်ယူမှု၊ ပြည်ကျိုးပြုဆောင်
ပြည်ထောင်တည်ရေး၊ မဲနှင့်ရွေး။

* ပုံဖော်ထုဆစ်၊ သမိုင်းသစ်တွင်
ရင်တွင်းဆန္ဒ၊ လှစ်ပြခွင့်ကြုံ
ပါတီစုံရွေး၊ မဲပေးပြည်သူ
မျှတခွင့်ရေး၊ အတွေးမချော်
နိုင်ငံတော်သား၊ ပြည်သူများမို့
တွဲထားလက်မြဲ၊ ရွေးကောက်ပွဲဝယ်
မဲပေးကြမည်၊ မိတ္တာန်တည်။ ။

နိုင်မြင့်ဇော် (ကန့်ဘလူ)

အခု ...
ပြီးတာနဲ့ ...
တပ်မတော်က ...
အကြီးကျယ် ...
ဒို့နိုင်ငံမှာရရှိ ...
ကြ၊ အာဏာ ...
ပြည်သူတွေက ...
လုပ်နေတဲ့ကြ ...
ပစ်ပြီး ဖွံ့ဖြိုး ...
လွတ်လပ်တဲ့ ...
သွယ်ဝိုက်ကျွန် ...
သားအားလုံး ...
ဒီမိုကရေစီနည် ...
ပွဲကြီး အော ...

ခေတ်မှာ အခုလို ပြိုင် ...
အခမဲ့ပဲဟေ့။ အမေရိ ...
တစ်ယောက် ဒေါ်လာ ...
သန်း ၄၀၀ ကျော် မဲဆွ ...
ရုပ်မြင်သံကြားအစီအစ ...
ထွက်ပုံ တစ်မိနစ်ပါဖို့ ...
ကလည်း များပါဘိသနဲ့ ...
မောင်ကာဋ္ဌု။ ။ မီဒီ ...
အသားပေးတာ၊ တစ်ဖ ...
အဘိုး။ ။ သိပ် ...
ချင်တဲ့ သူတို့မီဒီယာ ...
သာမန်အချိန်မှာလည်း ...
အစည်းတွေ၊ အစိုးရ ...
ကောက်ပွဲနီးရင်၊ ပါတီချ ...
ပြိုင်ကြရင် သူ့စာနယ်ဇ ...
ကြတာပါပဲ။ ဒို့နိုင်ငံမှာ ...
အုပ်စုဘက်က ပင်းခဲ့ ...
သတင်းစာ၊ ဂျာနယ်တွေ ...
မောင်ကာဋ္ဌု။ ။ ၁၉၅ ...
ဇင်းတွေမှာ တည်မြဲဘက် ...
ဘက်လိုက်ရေးသားခဲ့ကြ ...
အဘိုး။ ။ ဟုတ် ...
ဘက်လိုက်ပြီး ရေးသား ...
ပြည်ထောင်စုနေ့စဉ်သ ...
ဖဆပလဘက်က အပြ ...
သတင်းစာ၊ မဏ္ဍိုင်သတ ...
ကရပ်ပြီး ရေးကြတယ်။ ...
တာများ မြင်မကောင်း ...
မောင်ကာဋ္ဌု။ ။ ဒီနေ့ ...
လောက်ပါဘူးနော်။
အဘိုး။ ။ **စာန ...**
သိက္ခာကို သိချင်မှသိမှ ...
ကိုယ်စားလှယ်လောင်း ...
ပေးတာမျိုးတော့ ရှိချင် ...
ရွေးကောက်ပွဲဆိုတာ ပြ ...

သး

ဆောင်ကြဉ်းပေးမယ့်
။ အဲဒါဟာ ကိုယ်စားပြု

တွေ ထောင်ရတဲ့ အဓိက
ဘင်ရွက်ခွင့်ရဖို့ ပြည်သူ
ဓိမူဝါဒတွေ၊ ပြည်သူကို
ပ့်။ ပါတီထောင်တာ
ပါဝင်ယှဉ်ပြိုင်ဖို့ အဓိက

တင်၊ အစည်းအဝေးလုပ်၊ တာက လက်အောက်ခံ တရားဝင်ကိုယ်စားပြုတဲ့ ကတည်းက ပထမတော့ ဥပဒေ၊ ပါတီမှတ်ပုံတင် မှုလည်း ဥပဒေနဲ့အညီ ဲမှာ ကျင်းပပေးမယ်လို့ ရှိကြေညာထားပြီးသား။ ကောက်ပွဲရက် ဘယ်တော့ ာက်ပွဲကာလ၊ နေ့ရက် ရမယ်။ မိမိတို့ပါတီက တွက် ဝင်ပြိုင်မှာလား၊ ို ဦးစွာ သတ်မှတ်ထား၊ ယ်လေးပါပဲ။ ကြိုတင် အရေးအတွက်ကတော့ ှ ရှိချင်ရှိမှာပေါ့။ ကြိုပြင်

်အတွင်း ရွေးကောက်ပွဲ
၂၀၀၉ ခုနှစ်အတွင်းနဲ့
ရွေးကောက်ပွဲရက်ကို
င့်ပေါ့။ ၂၀၁၀ ပြည့်နှစ်
ကြောင့် လကလည်း ၁၀
၁၀-၁၀-၂၀၁၀ ရက်နေ့
င် မှန်းဆပြီး ရေးခဲ့ကြ
ကို ၇-၁၁-၂၀၁၀ ရက်
ထင်၊ ကြိုသိနေကြတဲ့
န်ထပ်ရတာပဲ။ ဒါကြောင့်
စားလှယ်လောင်းရှာချိန်
ဘူး အဘိုးရဲ့။
ပြင်လေး မှတ်မိရဲ့လား။
ကျွာတွေကို မနိုင့်တစ်နိုင်
င်ထားတယ်။ နံ့ကောင်
ည်း မိုးဥတုရောက်ရော
ကြိုတင်စုလှောင်ထားတဲ့
ာန်းကလေးတွေတောင်

ီမူဝါဒတွေ၊ လုပ်ငန်းစဉ်
ပးချင်အောင် ပါတီတိုင်း
ရေဒီယိုတွေ၊ သတင်းစာ
အကျော့ ပါတီစုံပြောပြီး
ဟာ တန်းတူ မဲဆွယ်ခွင့်

ာက်ပွဲတုန်းကလည်း ရွေး
ပို၊ ရုပ်မြင်သံကြားကနေ
ါတွေစုပြီး ပြန်ကြားရေး
အုပ်စင်အပေါ်ဆုံးအဆင့်
ဒီယာတွေမှာ အာဏာရ
ွယ်တယ်။ အတိုက်အခံ
ဆူညံပွက်လောလုပ်တဲ့သတင်း
န်ဒီမိုကရေစီ (ဖဆပလ)

အခု လာမယ့်ရွေးကောက်ပွဲဟာ ပဉ္စမလုပ်ငန်းစဉ်ပဲ။ ရွေးကောက်ပွဲပြီးတာနဲ့ ပြည်သူတွေ မဲပေးရွေးလိုက်တဲ့ ကိုယ်စားလှယ်တွေဆီကို တပ်မတော်က နိုင်ငံတော်အာဏာ လွှဲပြောင်းပေးအပ်မှာလေ။ ဒါ အကြီးကျယ်ဆုံး သမိုင်းဝင်အပြောင်းအလဲပဲ။ ပြောင်းတယ်-ပြောင်းတယ်နဲ့ ဒို့နိုင်ငံမှာရရှိထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ပျက်ပြားပြီး ဆူပူသောင်းကျန်းကြ၊ အာဏာလုကြ၊ အကြမ်းဖက်ကြတဲ့ အပြောင်းအလဲမျိုး တိုင်းရင်းသား ပြည်သူတွေက လုံးဝလက်မခံနိုင်ကြဘူး။ ပိတ်ဆို့ကြ၊ နှောင့်ယှက်ကြ လုပ်နေတဲ့ကြားက နိုင်ငံမှာ ဘက်ပေါင်းစုံ တိုးတက်လာတာကို ပြောင်းလဲပစ်ပြီး ဖွံ့ဖြိုးမှုနောက်ပြန်ဆွဲတဲ့ အပြောင်းအလဲမျိုး ဒို့ မလိုချင်ကြဘူး။ လွတ်လပ်တဲ့ နိုင်ငံသားဘဝကနေ တိုင်းခြားသားရဲ့ တိုက်ရိုက်ကျွန်ဘဝ၊ သွယ်ဝိုက်ကျွန်ဘဝကို ပြောင်းပစ်မယ့် အပြောင်းအလဲမျိုးတော့ ပြည်ထောင်စုသားအားလုံးက လက်မခံဘူး။ ဒါ့ကြောင့် စစ်ဘက်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီနည်းကျ ပြည်သူ့အုပ်ချုပ်ရေးကို ပြောင်းလဲတော့မယ့် ရွေးကောက်ပွဲကြီး အောင်မြင်အောင်လုပ်ကြဖို့ အားလုံးမှာ တာဝန်ရှိတယ်ကွဲ့။

ခေတ်မှာ အခုလို ပြိုင်ဘက်ပါတီတွေ ဟောပြောခွင့်မရခဲ့ဘူး။ ဒီမှာတော့ အခမဲ့ပဲဟေ့။ အမေရိကန်သမ္မတ ရွေးကောက်ပွဲတွေမှာ သမ္မတလောင်း တစ်ယောက် ဒေါ်လာသန်း ၂၀၀ ကျော်၊ သန်း ၃၀၀ ကျော်၊ တချို့ဆိုရင် သန်း ၄၀၀ ကျော် မဲဆွယ်စရိတ်သုံးပြီး ပြိုင်ကြတာတွေ့ရတယ်။ သူတို့ဆီက ရုပ်မြင်သံကြားအစီအစဉ်တစ်ခုမှာ သမ္မတလောင်း မဲဆွယ်ပုံ၊ မဲဆွယ်ခရီး ထွက်ပုံ တစ်မိနစ်ပါဖို့ ဒေါ်လာ သုံး-လေးသိန်း ပေးရတယ်။ ရုပ်သံလိုင်းတွေကလည်း များပါဘိသနဲ့။

မောင်ကာဠု။ ။ မီဒီယာတွေမှာလည်း မဲဆွယ်တာ၊ သူ့ဘက် ကိုယ့်ဘက် အသားပေးတာ၊ တစ်ဖက်ကို ပုတ်ခတ်တာတွေ သူတို့ဆီမှာ ရှိတယ်နော်။

အဘိုး။ ။ သိပ်ရှိတာပေါ့၊ သူတို့ကိုယ်သူတို့ စတုတ္ထမဏ္ဍိုင် ဘွဲ့ခံချင်တဲ့ သူတို့မီဒီယာတွေဟာ ရွေးကောက်ပွဲကာလမှာ ဇာတိပြကြတာပဲ။ သာမန်အချိန်မှာလည်း သူတို့နိုင်ငံက မကြည်တဲ့နိုင်ငံတွေ၊ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေ၊ အစိုးရတွေကို ရစရာမရှိအောင် ရေးတတ်ကြတာပဲ။ ရွေးကောက်ပွဲနီးရင်၊ ပါတီချင်းပြိုင်ကြရင်၊ သမ္မတလောင်းချင်း အကြိတ်အနယ်ပြိုင်ကြရင် သူ့စာနယ်ဇင်း၊ ကိုယ့်စာနယ်ဇင်းတို့ ပြည်တွင်းမီဒီယာ စစ်ခင်းကြတာပါပဲ။ ဒို့နိုင်ငံမှာလည်း စစ်အေးတိုက်ပွဲကာလအတွင်း အနောက်အုပ်စုဘက်က ပင်းခဲ့တဲ့ သတင်းစာ၊ အရှေ့အုပ်စုဘက်က ပင်းခဲ့တဲ့ သတင်းစာ၊ ဂျာနယ်တွေ ရှိခဲ့ဖူးပါတယ်။

မောင်ကာဠု။ ။ ၁၉၅၈-၅၉-၆၀ ပြည့်နှစ်များဆီကလည်း မြန်မာစာနယ်ဇင်းတွေမှာ တည်မြဲဘက်၊ သန့်ရှင်းဘက်၊ ပမညတဘက်က တစ်ဖက်သတ်ဘက်လိုက်ရေးသားခဲ့ကြတယ်ဆို အဘိုး။

အဘိုး။ ။ ဟုတ်တယ်၊ အဲဒီတုန်းက စာနယ်ဇင်းအားလုံးက ဘက်လိုက်ပြီး ရေးသားခဲ့ကြတာတော့ မဟုတ်ပါဘူး။ အိုးဝေသတင်းစာ၊ ပြည်ထောင်စုနေ့စဉ်သတင်းစာ၊ ဗမာ့ခေတ်သတင်းစာတို့က သန့်ရှင်းဖဆပလဘက်က အပြတ်ရပ်ရေးတယ်။ မီးဒုတ်သတင်းစာ၊ အထောက်တော်သတင်းစာ၊ မဏ္ဍိုင်သတင်းစာ၊ ခေတ်သစ္စာသတင်းစာတွေက တည်မြဲဘက်ကရပ်ပြီး ရေးကြတယ်။ တစ်ဖက်နဲ့တစ်ဖက် ရစရာမရှိအောင် ပုတ်ခတ်ကြတာများ မြင်မကောင်းအောင်ပါပဲ။

မောင်ကာဠု။ ။ ဒီနေ့တော့ ဟိုဘက်ဒီဘက် ခွပ်ကြ၊ ခတ်ကြတာမျိုး မရှိလောက်ပါဘူးနော်။

အဘိုး။ ။ စာနယ်ဇင်းသမားတိုင်းလည်း စတုတ္ထမဏ္ဍိုင်ရဲ့ ကျင့်ဝတ်သိက္ခာကို သိချင်မှသိမှာပေါ့။ မိမိတို့ ကြိုက်တဲ့ပါတီ၊ မိမိတို့သဘောကျတဲ့ ကိုယ်စားလှယ်လောင်းကို မသိမသာတစ်မျိုး၊ သိသိသာသာတစ်မျိုး အသားပေးတာမျိုးတော့ ရှိချင်ရှိမှာပေါ့။ အမှန်ကတော့ အခု ကျင်းပတော့မယ့် ရွေးကောက်ပွဲဆိုတာ ပြည်သူတွေပိုင်တဲ့ အချုပ်အခြာအာဏာကို ပြည်သူ့ကိုယ်စား ဆောင်ရွက်မယ့်ကိုယ်စားလှယ်တွေကို ပြည်သူက အဓိက ဆန္ဒမဲပေး ရွေးမယ့်ပွဲပဲကွဲ့။ ဘာတဲ့ - ဟို လင်ကွန်းပြောတဲ့ "Democracy of the people, by the people for the people" လူထုရဲ့ လွတ်လပ်စွာ ဆုံးဖြတ်လုပ်ဆောင်ခွင့်ဆိုတဲ့ ဒီမိုကရေစီကို လူထုအကျိုးအတွက် လူထုကိုယ်တိုင် ရွေးချယ်သတ်မှတ်တာဟာ ဒီမိုကရေစီအစစ်လို့ ဆိုထားတယ်လေ။ ပြည်သူတွေ လူကောင်းလူမှန် ရွေးနိုင်အောင် အရွေးခံမယ့် ကိုယ်စားလှယ်လောင်းတွေရဲ့ ရှေ့ကြောင်း၊ နောက်ကြောင်း၊ အရည်အချင်း၊ သူကိုယ်စားပြုတဲ့ ပါတီရဲ့မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်၊ ရွေးကောက်ပွဲ(မဲဆွယ်)ကတိတွေကို တစ်ဦးမကျန်၊ တစ်ပါတီမကျန် မျှမျှတတ သမာသမတ် သတင်းပေးဖို့တော့ စာနယ်ဇင်းတို့ရဲ့တာဝန်ပဲလေ။ ၁၉၅၈-၅၉-၆၀ ပြည့်နှစ် တည်မြဲ၊ သန့်ရှင်း၊ ပမညတ စာနယ်ဇင်းတို့ရဲ့ စာနယ်ဇင်းကျင့်ဝတ် သိက္ခာမဲ့လုပ်ခဲ့တာမျိုး ပြန်မဖြစ်ဖို့တော့ လိုတာပေါ့ကွယ်။

မောင်ကာဠု။ ။ အပြောင်းအလဲလိုအပ်တယ်။ အပြောင်းအလဲလိုချင်ရင် ဘာလုပ်ကြ၊ ဘယ်သူ့ကိုသာ မဲပေးကြဆိုတဲ့အသံတွေလည်း ကြားနေရတယ် အဘိုးရဲ့။ အပြောင်းအလဲဆိုတာ ဘာကိုရည်ရွယ်ပြီး ပြောနေကြတာလဲ၊ အပြောင်းအလဲကို အင်္ဂလိပ်လိုဆိုတော့ Change ပေါ့။

အဘိုး။ ။ ကြုံတုန်းပြောရဦးမယ်။ ဟို အနောက်နိုင်ငံကြီးတွေမှာ ပါတီစနစ်က ပါတီစုံစနစ်မဟုတ်ဘူး။ နှစ်ပါတီစနစ်လေ။ Biparty System လို့ ခေါ်တယ်။ နှစ်ပါတီစီသာ အဓိကရှိကြတယ်။ ယှဉ်ပြိုင်ကြတယ်။ ဝါဒ (ism-အစ်ဇင်)ကတော့ တစ်ခုပဲ။ အရင်းရှင်(နယ်ချဲ့)စနစ်ပဲ။ ဘယ်ပါတီ အာဏာရရ ဒီဝါဒကိုပဲ အကောင်အထည်ဖော်ကြရတာ။ ဒါကို လွန်ဆန်လို့ မရဘူး။ လုပ်နည်းလုပ်ဟန် ပါးစပ်အပြောမှာသာ ကွာချင်ကွာမယ်။ ဒို့လို လွတ်လပ်ရေးပြန်ရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကိုတော့ သူတို့က ပါတီစုံ (multi party)စနစ်၊ Plural-ism ဝါဒစုံ(ဗဟုဝါဒ) စနစ်ဖြစ်အောင် ကျိုးသွင်းလေ့ရှိကြတယ်။ ဝါဒစုံတော့ သူ့ဝါဒမှ မှန်တယ်။ ငါ့ဝါဒမှ မှန်တယ်နဲ့ လက်နက်ကိုင်တိုက်ခိုက်ကြ၊ အာဏာလုကြနဲ့ ပြည်တွင်းစစ်တွေဖြစ်ကုန်တော့တာပဲ။ သူတို့ဆီမှာ ပါတီတစ်ခုက လေးနှစ်သက်တမ်း သုံးလေးငါးခုလောက် အာဏာရနေပြီဆိုရင် ကျန်ပါတီက We need Change ကျွန်ုပ်တို့ အပြောင်းအလဲလိုအပ်ပြီလို့ ရွေးကောက်ပွဲမဲဆွယ်ရာမှ (Change, Change)နဲ့ ပြောနေတတ်တယ်။ မဲဆန္ဒရှင်တွေကလည်း ဝါဒတူပါတီချင်းတွေဆိုပြီး အာဏာမဲ့တာ ကြာနေပြီဖြစ်တဲ့ပါတီကို တစ်လှည့်ရွေးတင်တတ်ကြတယ်။ အဲဒီလို သူ့အာဏာအကြာကြီးရနေရာက တစ်ကြောင်းတစ်လှည့် ကိုယ်အာဏာရအောင် သုံးတဲ့စကား(Change-အပြောင်းအလဲ) ပဲကွဲ့။ မူဝါဒကတော့ ဘာမှပြောင်းကြတာမဟုတ်ဘူး။ ဒို့ဆီမှာ ဒီစကားမျိုးသုံးတာကတော့ သဘာဝမကျဘူး။ အခုလည်း ဒို့နိုင်ငံမှာ ဒီရွေးကောက်ပွဲက သမိုင်းတစ်ကွေ့ သမိုင်းတစ်ဆစ် ပြောင်းလဲမှာပဲလေ။

မောင်ကာဠု။ ။ ဘယ်လိုအပြောင်းအလဲဆိုတာ ရှင်းပြပါဦး အဘိုး။

အဘိုး။ ။ ၁၉၈၈ခုနှစ် ဆူပူမှုဟာ ပြည်ထောင်စုပြိုကွဲ၊ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးနိုင်ခြေရှိလာလို့ တပ်မတော်က မလွှဲမရှောင်သာ နိုင်ငံတာဝန်ယူခဲ့ရတယ်။ နိုင်ငံတည်ငြိမ်အောင်၊ စီးပွားရေး ဖွံ့ဖြိုးအောင်၊ ပြည်တွင်း ငြိမ်းချမ်းအောင်၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးအောင် တပ်မတော်အစိုးရက အားထုတ်ပေးခဲ့တယ်။ ဒါပေမယ့် ပြောကြမယ်ဆိုရင် ရွေးကောက်ပွဲ-မဲနဲ့တက်တဲ့ အစိုးရတော့ မဟုတ်ဘူးပေါ့ကွယ်၊ မလွှဲသာလို့ နိုင်ငံကို ကာကွယ်စောင့်ရှောက်ခဲ့ရတဲ့အစိုးရ၊ တပ်မတော်အစိုးရ၊ မလိုတမာခေါ်နေကြသလိုဆိုရင် စစ်အစိုးရပေါ့၊ အဲဒီတပ်မတော်အစိုးရက နိုင်ငံတော်အာဏာကို မူလပိုင်ရှင် ပြည်သူလူထုထံ စနစ်တကျ ငြိမ်းချမ်းစွာ ပြန်အပ်ဖို့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ် ချမှတ်လုပ်ဆောင်ပေးခဲ့တယ်။ **အခု လာမယ့်ရွေးကောက်ပွဲဟာ ပဉ္စမလုပ်ငန်းစဉ်ပဲ။ ရွေးကောက်ပွဲပြီးတာနဲ့ ပြည်သူတွေ မဲပေးရွေးလိုက်တဲ့ ကိုယ်စားလှယ်တွေဆီကို တပ်မတော်က နိုင်ငံတော်အာဏာ လွှဲပြောင်းပေးအပ်မှာလေ။ ဒါ အကြီးကျယ်ဆုံး သမိုင်းဝင် အပြောင်းအလဲပဲ။ ပြောင်းတယ်-ပြောင်းတယ်နဲ့ ဒို့နိုင်ငံမှာရရှိထားတဲ့ ပြည်တွင်းငြိမ်းချမ်းရေး ပျက်ပြားပြီး ဆူပူသောင်းကျန်းကြ၊ အာဏာလုကြ၊ အကြမ်းဖက်ကြတဲ့ အပြောင်းအလဲမျိုး တိုင်းရင်းသားပြည်သူတွေက လုံးဝလက်မခံနိုင်ကြဘူး။ ပိတ်ဆို့ကြ၊ နှောင့်ယှက်ကြ လုပ်နေတဲ့ကြားက နိုင်ငံမှာ ဘက်ပေါင်းစုံ တိုးတက်လာတာကို ပြောင်းလဲပစ်ပြီး ဖွံ့ဖြိုးမှုနောက်ပြန်ဆွဲတဲ့ အပြောင်းအလဲမျိုး ဒို့ မလိုချင်ကြဘူး။ လွတ်လပ်တဲ့ နိုင်ငံသားဘဝကနေ တိုင်းခြားသားရဲ့ တိုက်ရိုက်ကျွန်ဘဝ၊ သွယ်ဝိုက်ကျွန်ဘဝကို ပြောင်းပစ်မယ့် အပြောင်းအလဲမျိုးတော့ ပြည်ထောင်စုသားအားလုံးက လက်မခံဘူး။ ဒါ့ကြောင့် စစ်ဘက်အုပ်ချုပ်ရေးကနေ ဒီမိုကရေစီနည်းကျ ပြည်သူ့အုပ်ချုပ်ရေးကို ပြောင်းလဲတော့မယ့် ရွေးကောက်ပွဲကြီး အောင်မြင်အောင် လုပ်ကြဖို့ အားလုံးမှာ တာဝန်ရှိတယ်ကွဲ့။**

မောင်ကာဠု။ ။ ဘယ်သူတွေ ဘယ်လိုသွေးထိုးပါစေ၊ မှိုင်းတိုက်ပါစေ မြန်မာတွေဟာ အရေးကြီးရင် သွေးနီးတယ်၊ သွေးစည်းတယ်အဘိုးရဲ့။ သမိုင်းအထောက်အထားတွေ အများကြီးပါ။ ဒါကြောင့် ပြည်သူတို့ရဲ့ ဒီမိုကရေစီ ရွှေတံခါးဖွင့်ပွဲကို နှောင့်ယှက်တာတွေဟာ မြင်းမိုရ်တောင်ကြီး ပြိုကျအောင် ဆီးစေ့နဲ့ ပေါက်သလိုပဲဖြစ်မှာပါ အဘိုးရယ်။

အဘိုး။ ။ ဟုတ်ပါ့မလား မောင်ကာဠုရဲ့။

မောင်ကာဠု။ ။ ဒါ့ထက်တောင်ပိုသေး။ ။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း စစ်တွေတပ်နယ်မှ မိသားစုဝင်များနှင့်တွေ့ဆုံ၊ ချီးမြှင့်ပစ္စည်းများပေးအပ်

နေပြည်တော် နိုဝင်ဘာ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် စစ်တွေတပ်နယ်ခန်းမသို့ ရောက်ရှိပြီး တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ဗိုလ်ချုပ်လှမင်းက အမှာစကားပြောကြားပြီး တပ်ရင်းတပ်ဖွဲ့များမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များကို တာဝန်ရှိသူများထံ ချီးမြှင့်ပေးအပ်ကာ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း စစ်တွေတပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်၍ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် နိုဝင်ဘာ ၁

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပသည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါသွားခဲ့သည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာသည် အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီတွင် ဟနွိုင်းမြို့ National Convention Centre (NCC) အခန်းအမှတ်(၃၃၉)၌ ကျင်းပသည့် ပဉ္စမအကြိမ် အာဆီယံ စီးပွားရေးအသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီ ဝန်ကြီးများ၊ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ တက်ရောက်ခဲ့ပြီး (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံစီးပွားရေးအသိုက်အဝန်းကောင်စီက တင်ပြမည့် အစီရင်ခံစာဆိုင်ရာ ကိစ္စရပ်များနှင့် အာဆီယံအသိုက်အဝန်း ထူထောင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ဝန်ကြီးသည် အောက်တိုဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် NCC အခန်းအမှတ်(၂၅၄)၌ ကျင်းပသည့် အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ချုပ်ဆိုခဲ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မူဘောင်သဘောတူညီချက်ဆိုင်ရာ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ပြင်ဆင်သည့် ဒုတိယအခြေပြစာချုပ် (Second Protocol to Amend the Agreement on Trade in Goods of the Framework Agreement on Comprehensive Economic Cooperation between the Association of Southeast Asian Nations and the People's Republic of China) ကို လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့်အတူတက်ရောက်၍ ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ပဉ္စမအကြိမ် အာဆီယံစီးပွားရေး အသိုက်အဝန်းကောင်စီ အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၁၁-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "တစ်ပါးသီလ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
- ၆း၄၀ ထူးခြားသောဘူမိအနေအထားနှင့်ဖူးမဝသော ကျိုက်ထီးရိုးစေတီ
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၉)**
- ၈း၅၀ Memories of the 1980's Music Concert (Part-2)
- ၉း၂၅ Cartoon Show Time (Treasure Planet)
- ၁၀း၀၅ တူယှဉ်တွဲ၍လှူသော လက်အစုံသည် မြတ်သောနိဗ္ဗာန်ဆီသို့ရည်
- ၁၀း၂၀ Activities in The City - (Rainbow Motion Media House Outdoor Training ရိုက်ကူးခြင်း)
- ၁၀း၃၅ Celebrity Style (ချစ်စု)
- ၁၀း၅၀ International Show Biz
- ၁၁း၀၅ မိခင်နို့စနစ်တကျ တိုက်ကျွေးနည်း နှင့်ဖြည့်စွက်စာကျွေးနည်းသိကောင်းစရာများ (ဒေါက်တာသိန်းသိန်းမြင့်)
- ၁၁း၁၅ သူတို့ဘဝသူတို့ဟာသ (ဦးတိမ်ညွှန့်)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၁၇)
- ၁၂း၀၅ Activities in The City - ပီရိတွန်ရဲ့တေးသီချင်းဆိုပြိုင်ပွဲ - You can be an Entreprencur
- ၁၂း၃၀ သင်ကြားရေးလမ်းညွှန် (Dozo Fashion Design Technical School)
- ၁၂း၅၀ ရန်ကုန်မြင်ကွင်းကျယ် (Heatwavo Special Sales & 2010 Fashion Style)
- ၁း၀၀ "တစ်ပါးသီလ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Wedding Season (Part-2)
- ၂း၄၅ The Champion of Dance
- ၃း၁၅ ကဟန်ဝင့်ကြွားအလှမင်းသား (ရန်ကုန်ပန်တျာကျောင်း)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၂)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၉)**
- ၅း၀၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား" (အပိုင်း-၁၇)
- ၅း၂၅ Memories of the 1980's Music Concert (Part-3)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၃)**
- ၇း၀၀ ဒီမိုမွေးနေ့ (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈း၀၀ **MRTV-4** သတင်း
- ၈း၃၀ အရုဏ်ဦးမှာဖူးသည့်ကြာ (ဒုတိယပိုင်း) (ရုပ်ရှင်အနုပညာရှင်များ) (ဒါရိုက်တာ-စာရေးဆရာတင်သန်းဦး)
- ၁၀း၁၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၀)**
- ၁၁း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၁း၂၅ အနုပညာမိုးကောင်းကင်
- ၁၁း၄၀ စာအုပ်ပြခန်း (စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတိုက်ပွဲဝင်အောင်မြင်ရေး မဟာဗျူဟာများစာအုပ်ရေးသားသူ ဆရာမောင်မြင့်ကြွယ်နှင့်တွေ့ဆုံမေးမြန်းခြင်း)
- ၁၂း၀၀ ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
- ၁၂း၁၅ အကွက်လှလှအဆင်ဆန်း မြန်မာ့ချည်ထည်ရက်ကန်း
- ၁၂း၂၅ World of Knowledge (Mega Structures ICE HOTEL)
- ၁း၁၅ ဆင်စွယ်ပန်းပုအခြေပြု လှူလောကကိုအလှဆင်မည်
- ၁း၃၅ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ-ဖြူဖြူကျော်သိန်း)
- ၂း၁၀ RO ဆိုတဲ့ KTM
- ၂း၃၅ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာရှိုလာ)
- ၃း၀၀ ကဏ္ဍာစုံလင် အားကစားအစီအစဉ်
- ၄း၀၀ စိုက်ပျိုးစီးပွားဖြစ်ထွန်းဖို့ ဇီဝမြေဩဇာသုံးစွဲစို့
- ၄း၂၀ မြန်မာရဲ့အလှအမှတ်တရ (ဇမ္ဗူရစ်အမှတ်တရပစ္စည်းဆိုင်)
- ၄း၄၀ သန်လျင်မြို့၊ နတ်စင်တစ်ရာကျောင်းတိုက်မှ အလှူတော်မင်္ဂလာအခမ်းအနား
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

စစ်တွေခရိုင်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေး ကာကွယ်စောင့်ရှောက်ပေးရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁

မြေပုံမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးကာကွယ်စောင့်ရှောက်ပေးရန်အတွက် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များပါဝင်သော ဆေးကုသရေးအဖွဲ့သည် အောက်တိုဘာ ၃၀ ရက်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် မြို့မပရိယတ္တိစာသင်တိုက်ရှေ့ ဘောလုံးကွင်းရှိ ကယ်ဆယ်ရေးစခန်းတို့၌ ယာယီဆေးခန်းဖွင့်လှစ်၍ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးခြင်း၊ ယာယီမိုးကာတဲများအတွင်း ခြင်ဆေးဖျန်းခြင်း၊ နံရံဆေးဖျန်းခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ဆေးကုသရေးအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် မြေပုံမြို့ပတ်ဝန်းကျင်ရှိ ဆင်ကြပ်ကျေးရွာအုပ်စု သဝန်စေ့ကေကျေးရွာ၊ ကရင်ကြီးမော်ကျေးရွာ၊ ဆင်သေရွာနှင့် တောင်းဒရိတ်ကျေးရွာများ၌ ဆေးဝါးအခမဲ့ကုသပေးခြင်း၊ အသေးစား ခွဲစိတ်ကုသပေးခြင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြပြီး ကျေးရွာများအတွင်း ရေသန့်ဆေးခပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ခြင်ထောင်ဆေးစိမ်ခြင်း၊ ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါကျေးရွာများ၌ အဖျားအနာရောဂါများ၊ မတော်တဆထိခိုက်ရှနာ ဖြစ်ခြင်းများသာ ဖြစ်ပွားကြပြီး ကူးစက်ရောဂါတစ်စုံတစ်ရာဖြစ်ပွားခြင်း မရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်များ ပါဝင်သော ဆေးကုသရေးအဖွဲ့က မြေပုံမြို့နယ်ရှိ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် 'ပယ်မဲ' မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊

(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊

(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊

(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊

(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊

(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊

(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

မြေပုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ လမ်းဘေး ဝဲ၊ ယာ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ဆယ်ယူခြင်း ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

စစ်တွေခရိုင်အတွင်းရှိ လေဘေးသင့်ပြည်သူများအား တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ နယ်စပ်စည်ပင်ဝန်ထမ်းများ ပူးပေါင်း၍ မြို့တွင်းသန့်ရှင်းသာယာရေး၊ သောက်သုံးရေဖြန့်ဖြူးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁

ရခိုင်ပြည်နယ် စစ်တွေခရိုင်အတွင်းရှိ လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် မြေပုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများပူးပေါင်း၍ လမ်းဘေးဝဲ၊ယာ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများဆယ်ယူခြင်း စသည်တို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မြို့တွင်းသန့်ရှင်းသာယာရေး၊ သောက်သုံးရေဖြန့်ဖြူးရေး စသည်တို့ကို အင်အားပြည့် ဆောင်ရွက်ရန်အတွက် စစ်တွေမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပေးပို့သော လုပ်ငန်းသုံးယာဉ်၊ ရေသယ်ယာဉ်နှင့် အမှိုက်သိမ်းယာဉ်များလည်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြေပုံမြို့တွင်းသို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည့် ကန်တော်ကြီး၊ ကြာရှည်ကန်နှင့် တန်(၁၀၀)ကန် စသည့် ရေကန်များမှာ ပျက်စီးမှုမရှိသဖြင့် မြို့နေ ပြည်သူများ သောက်သုံးရေပြတ်လပ်မှု လုံးဝမရှိကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ယာယီရပ်ဆိုင်းနေသော်လည်း ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း လမ်းမီးများကို ညစဉ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်

နေပြည်တော် နိုဝင်ဘာ ၁

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းဂီရီ မုန်တိုင်းဒဏ်သင့် မြို့နယ်များရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်တို့ ဦးဆောင်၍ ကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ညွှန်ကြားရေးမှူး ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်း ခေါင်းဆောင်သော ပြည်နယ်ကူးစက်ရောဂါ တိုက်ဖျက်ရေး ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်း ၃၁ ဦးတို့သည် မုန်တိုင်းသင့်ဒေသ၌ ဆေးကုသခြင်း၊ ကူးစက်ရောဂါကာကွယ်ရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် မုန်တိုင်းဒဏ်သင့်ဒေသများ၌ ကျန်းမာရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အောက်တိုဘာ ၂၃ ရက်မှ စတင်၍ မြေပုံမြို့နယ် ယောချောင်း၊ဒိုင်းပုံ၊ ကြက်ရေကြီး၊ လောင်းဒရိတ်နှင့် ကျွန်းသာယာဒေသများ၌လည်းကောင်း၊ ပေါက်တောမြို့နယ် အရှေ့ဖရုံကာဒေသ၌ လည်းကောင်း အရေးပေါ်ဆေးခန်းခြောက်ခု ဖွင့်လှစ်၍ ဆရာဝန်၊ သူနာပြု၊ အခြေခံကျန်းမာရေးဝန်ထမ်း ၃၃ ဦးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ဆောင်ရွက်ပေးခဲ့သည်။

ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်တို့၌ ဒေသအလိုက် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများနှင့် စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး လိုအပ်သလို ကွင်းဆင်း၍ ကျန်းမာရေး စောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ကျောက်ဖြူမြို့နယ်နှင့် မြေပုံမြို့နယ်တို့မှ မူလအခြေခံကျန်းမာရေးဝန်ထမ်း ၂၇ ဦးတို့အား နေရာဒေသအလိုက် ဖြန့်ကြက်၍ တာဝန်ပေးအပ်ကာ ဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့မှ စတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းဆေးကုသရေးအဖွဲ့ဝင်များသည် ရွှေ့လျားဆေးရုံသင်္ဘောဖြင့် ကျေးလက်ဒေသ ကျေးရွာများအထိ ကွင်းဆင်းကုသ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရခိုင်ပြည်နယ် မုန်တိုင်းသင့်ဒေသရှိ ရှေ့တန်းဆေးကုသရေး စခန်းများနှင့် ကွင်းဆင်းအထူးကုသရေးအဖွဲ့မှ လူနာ ၃၉၉၄ ဦးတို့အား ဆေးကုသပေးခဲ့ပြီး သောက်သုံးရေ သန့်ရှင်းရေးအတွက် ရေတွင်းရေကန် ၁၁၅၅ ခုတို့ကို ကလိုရင်းဆေးခပ်ပေးခြင်း၊ နေအိမ်များ၌ သောက်သုံးရေ သန့်ရှင်းရေးအတွက် ကလိုရင်းဆေးရည်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ မြေပုံမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။
(သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် နိုဝင်ဘာ ၁

အောက်တိုဘာ ၂၃ရက်က ဦးစိုးနိုင်သည် သန်လျင်ဂေါက်ကလပ်၌ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၇)သို့ ကိုက် ၁၁၀အကွာမှ PRO-V 1. No(2) ဘောလုံးအား Taylor Made Pitching Wedge တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ ထိုအချိန်တွင် ကစားဖော်များဖြစ်ကြသော ဦးအောင်ကျော်၊ ဦးညွန့်ဖေ၊ Mr. Okasaki တို့နှင့်အတူ ကစားခဲ့ကြောင်း သိရသည်။ (၅၂၇)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

(၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁

(၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့ရှိ National Convention Centre (NCC) Main Meeting Hall ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တက်ရောက်သည်။

ထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အိမ်ရှင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုတို့က မိန့်ခွန်းပြောကြားကြသည်။

ထို့နောက် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့် ၂၀၁၁ ခုနှစ်တွင် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ကိုထမ်းဆောင်မည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတတို့သည် တာဝန်လွှဲပြောင်း၍ နှုတ်ခွန်းဆက်သကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဗီယက်နမ် ယဉ်ကျေးမှုအဖွဲ့ဝင်များက အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ပိတ်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း သတိပေးချက် ထုတ်ပြန်

ရန်ကုန် နိုဝင်ဘာ ၁

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ နိုဝင်ဘာ ၈ ရက်ထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀ ပေခန့်မှ ၂၀ ဒသမ ၄ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင် ၂၀၀၈-၂၀၀၉ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၉ ပေခန့်ထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်း ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးချက် ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ယနေ့မိုးလေဝသ

(၁-၁၁-၂၀၁၀)

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံ တောင်ပိုင်းစွန်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။